အနောက်လက်ခုပ်ပင်ကျေးရွာ
အနောက်လက်ခုပ်ပင် ကျေးရွာအုပ်စု၊ ပြည်မြို့နယ်
ပဲခူးတိုင်းဒေသကြီး

ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ(၂၀၁၈-၂၀၂၄)

ပြုစုရေးဆွဲသူ
ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
အနောက်လက်ခုပ်ပင် ကျေးရွာ၊ပြည်မြို့နယ်
(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ပြည်မြို့နယ်နှင့် ဒေါ်အေးအေးသော် -
LIFT/Technical Assistant Team တို့ကူညီရေးဆွဲသည်။)
၂၀၁၈၊ ဇွန် လ

မာတိကာ

မာတိကာ

၁။ တည်နေရာနှင့် ပထဝီအနေအထား

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

၃။ ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ဂ) အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ

(ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု

(င) ပညာရေး

(စ) ကျန်းမာရေး

(ဆ) ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

(ဇ) ကျား – မ ရေးရာ

၄။ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

နောက်ဆက်တွဲများ

နောက်ဆက်တွဲ (၁) – ဖွံ့ဖြိုးရေးဗျူဟာ ဇယား

နောက်ဆက်တွဲ (၂) – ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

၁။ တည်နေရာနှင့် ပထဝီအနေအထား

အနောက်လက်ခုပ်ပင်ကျေးရွာသည်ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း)၊ပြည်ခရိုင်အနောက် လက်ခုပ်ပင်ကျေးရွာအုပ်စုတွင်တည်ရှိပါသည်။ဧရာဝတီမြစ်ကမ်းဘေးတွင်တည်ရှိပြီး ပြည်မြို့နယ်နှင့် (၄) မိုင် ခန့်အကွာ တွင်တည်ရှိပါသည်။ အဓိကကုန်စည်ရောင်းဝယ်ရေး ၊ လူမှုစီးပွားရေးတို့အတွက် နဝင်းရပ်ကွက်နှင့်ချိတ်ဆက်ထားသော ကတ္တရာလမ်းမကြီး အားအသုံးပြုရပြီး ပြည်မြို့ ဈေးကြီးနှင့် ၁ မိုင်ခန့်သာကွာ ဝေးပါသည်။ ကျေးရွာ နှင့်၂မိုင်ခန့် တွင်သကြားထုတ်လုပ်သောစက်ရုံ၊၁မိုင်ခန့်တွင်ပြည်ဈေး ကြီး၊ရွာ၏အနောက်တောင်ဘက် တွင်မြရွာ၊ ကုန်းသာလင်းကျေးရွာ မြောက်ဘက်တွင်နဝင်းကွက်သစ် ၊ တောင်ဘက်တွင် ဧရစ်ချောင်ကျေးရွာ တို့တည်ရှိပါသည်။

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

နှစ်စဉ်မိုးရေချိန် လက်မ(၆၀-၆၅) ခန့်ရရှိသည်။ကျေးရွာတွင် သတ္တုနှင့် တွင်းထွက် သယံဇာတဟူ၍ မရှိပါ။မြစ်ကမ်ပါးနှင့်နီသောကြောင့် မြစ်သဲ ကျောက်စရစ် ထုတ်လုပ်သူ အနည်းငယ် ရှာတွင်ရှိပါသည်။စီးပွားရေးပြေလည်သော အိမ်ခြေများသာ မြစ်သဲထုတ်ယူခြင်း မြစ်ကျောက်စရစ်ထုတ်ယူခြင်းလုပ်ငန်းအားလုပ်ကိုင်နိုင်ပါသည်။ရွာသည် နှစ်စဉ်ရေကြီး နစ်မြုပ်မှု ခံစားရလေ့ရှိခြင်း မြို့နှင့်လည်း အလှမ်းမဝေးသောကြောင့် သစ်တောများ သဘာဝအပင်မျိုးစိတ်များမရှိ သလောက်ရှားပါးပါသည်။

သဘာဝတိရစ္ဆာန်အနေဖြင့် မြစ်ကမ်းဘေးတွင်ရှိသောကြောင့် ငါးမျိုးစိတ်များသာ ရှိပြီး ယခုအခါငါးမျိုးစိတ်တောင်တော်များများပင် မျိုးတုန်းပျောက်ကွယ်မှုများ တွေ့ရှိရပါသည်။ စိုက်ပျိုးရေးအနေဖြင့် စပါး စိုက်ပျိုးနိုင်သော ဧက ၁၃၉ ဧက စိုက်ပျိုးနိုင်ပြီး စိုက်ပျိုးရေ အနှင့်ဖြင့် မြစ်ရေနှင့် မိုးရေကိုသာအဓိကထား စိုက်ပျိုးကြပါသည်။မြေပဲ၊ကြံ့ စသော စိုက်ပျိုးရေးများလည်း လုပ်ကိုင်ကြပါသည်။စိုက်ပျိုးမြေများမှာ အသင့်အတင့်ကောင်းမွန်ပြီး သီးနှံအထွက်နှုန်း အသင့်အတင့်ရရှိပါသည်။

၃။ ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ကျေးရွာလူမှုရေး၊ဘာသာရေး ဖွံ့ဖြိုးမှုအတွက် ကိုယ်ထူကိုယ်ထ ဖွဲ့စည်းထားသော အဖွဲ့ငယ်များစွာ ရှိပါသည်။ကျေးရွာရှိ ရပ်မိရပ်ဖအဖွဲ့သည် ကျေးရွာ၏ သာရေး၊နာရေး၊ အထူး သဖြင့် စီမံခန့်ခွဲရေး ကိစ္စရပ်များအတွက် ဦးစီးဆောင်ရွက်နေကြပါသည်။ သာရေး၊နာရေး အဖွဲ့ မှာ အလှူ၊ မင်္ဂလာဆောင်၊နာရေးကိစ္စရပ်များအတွက် လိုအပ်သောပစ္စည်းဌာနရမ်းပေးခြင်း၊ အပြင်အဆင်၊ကျွေးမွေး ဧည့်ခံမှုစသည့်ကိစ္စရပ်များအားလုံးတွင်ကူညီဆောင်ရွက်ကြသည်။ အမျိုးသားအဖွဲ့၊အမျိုးသမီးအဖွဲ့တို့သည် ကျေးရွာ၏ ပျော်ပွဲ၊ရွှင်ပွဲ၊ (၁၂)လရာသီပွဲတော်များကို အဖွဲ့လိုက် ကျင်းပကြခြင်း၊ လူငယ်များအား စည်းလုံးတက်ကြွစေရန် ဆောင်ရွက်သော အဖွဲ့များ ဖြစ်သည်။ အရံမီးသတ်တပ်ဖွဲ့မှာ မီးဘေးကြိုတင် ကာကွယ်ရန် နှိုးဆော်ခြင်း၊ကြီးကြပ်ခြင်း တို့ကို အဓိကလုပ်ဆောင်ပေးပါသည်။ဓမ္မစက်ဘအဖွဲ့သည် ဘာသာရေးပွဲရက်များ၊နာရေး တို့တွင် ရွတ်ဖတ်ပူဇော်ကြသည်။ ကျောင်းအကျိုးတော်ဆောင်အဖွဲ့သည် စာသင်ကျောင်း၏ လိုအပ်ချက် များ၊ပညာရည် အရည်အသွေးမြင့်မားလာစေရန် လုပ်ဆောင်ပေးသော အဖွဲ့ဖြစ်သည်။ မီးလင်း ရေးကော်မတီသည် အိမ်တိုင်းစေ့ မီးလင်းနိုင် စေရန်လုပ်ဆောင်ပေးသည်။ အမျိုးသမီး ရေးရာ အဖွဲ့မှာ ပြန်လည်ဖွဲ့စည်းထားခြင်းဖြစ်ပြီး လုပ်ဆောင်မှု အားနည်းနေပါသေးသည်။ မိခင်နှင့် ကလေးစောင့်ရှောက်ရေး အဖွဲ့မှာလည်းအလားတူပင်ဖြစ်သည်။

ကျေးရွာတွင်ဦးဆောင်လုပ်ကိုင်သည့် အဖွဲ့အစည်းများရှိသော်လည်း ကျေးရွာလူထု၏ ပူးပေါင်းပါဝင်မှု အားနည်းနေပါသေးသည်။ အထူးသဖြင့် နိုင်ငံတော်အစိုးရမှ ကျေးရွာဖွံ့ဖြိုး တိုးတက်ရေးအတွက် အလုံးစုံတာဝန်ယူရမည်ဟူသည့် လွဲမှားသော အတွေးအခေါ်များ ရှိနေ သည်။အဖွဲ့အစည်းများသည် တက်ကြွ၍တစ်ဖွဲ့နှင့်တစ်ဖွဲ့ ပူးပေါင်းခြင်း၊ချိတ်ဆက် လုပ်ဆောင် ခြင်းများရှိပါသည်။ ပွင့်လင်းမြင်သာရှိမှု၊ငွေစာရင်းထားရှိမှု ၊စီမံခန့်ခွဲမှု တို့အားကောင်းပြီး

ယုံကြည်မှုတည်ဆောက်နိုင်စွမ်း၊စနစ်ကျသော အဖွဲ့အစည်းဆိုင်ရာ သဘောတရားများ သိရှိခြင်း၊ ဌာနဆိုင်ရာများနှင့် ချိတ်ဆက် လုပ်ဆောင်နိုင်ခြင်းတို့ လိုအပ်လျက်ရှိပါသည်။

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

ကျေးရွာ၏အဓိက ဝင်ငွေရလုပ်ငန်းမှာစိုက်ပျိုးရေးလုပ်ငန်းဖြစ်ပြီး ကျပန်းလုပ်ကိုင် သူများ လည်းရှိသည်။ ကျေးရွာတွင် မိုးစပါး၊မြေပဲ၊ကြံတို့သည် အဓိက စိုက်ပျိုးသီးနှံများဖြစ် ကြသည်။ယခင်က နှမ်းကို စိုက်ပျိုးသော်လည်း ဈေးကွက်တည်ငြိမ်မှုမရှိသဖြင့် ယခုအခါ စိုက်ပျိုးမှု နည်းပါးလာသည်။ မိုးစပါးစိုက်ပျိုးမှုမှာ ရေလွှမ်းမိုးခြင်းကြောင့် သီးနှံများ ပျက်စီး ဆုံးရှုံးမှု များရှိပြီး အမြတ်ရရှိမှု သေချာမှုမရှိပါ။ယခင်က မြေပဲ၊နှမ်းတို့ကို စိုက်ပျိုးကြသော်လည်း အမြတ်ရရှိမှု နည်းပါးသဖြင့် ယခုအခါ ကြံကို အဓိက ထား၍ စိုက်ပျိုးလာကြသည်။ယခင်က ကျေးရွာ၏ အဓိက စိုက်ပျိုးသီးနှံမှာ ကိုင်းကျွန်းသီးနှံ(ကြက်သွန်နီ၊ပြောင်း၊နှင့် ဟင်းသီးဟင်း ရွက်ပင်များ)စိုက်ပျိုးမှုမှ အဓိက ဝင်ငွေရရှိခြင်းဖြစ်သည်။

ကျေးရွာတွင် နွားများကို ဒေသမျိုးများသာ မွေးမြူကြပြီး ခိုင်းနွားအဖြစ်အသုံး ပြုကြ သည်။နွားအား စီးပွားဖြစ်အကောင်(၁၀၀)ကျော်ခန့် မွေးမြူသူ (၁)ဦးရှိပြီး နို့ထုတ်၍ ရောင်းချ ကြသည်။ကျေးရွာတွင် စားကျက်မြေရှိသော်လည်း ဗွက်၊စမ်းထူသဖြင့် ကျောင်းရန်အခက် အခဲရှိပါသည်။ဝက်၊ကြက်တို့ကို လည်းဒေသမျိုးသာ တစ်နိုင်တစ်ပိုင် မွေးမြူကြပြီး စီးပွားဖြစ် မွေးမြူလို စိတ်နည်းပါးကြသည်။ အဘယ်ကြောင့်ဆိုသော် အိမ်ရှိအလုပ်လုပ်နိုင်သူများမှာ ကျပန်းလုပ်ကိုင်နေကြ ခြင်းကြောင့်မွေးမြူရေးအတွက်လူအား အကုန်မခံလိုကြခြင်း ဖြစ်သည်။ ချက်ခြင်း အကျိုးရလဒ် ရရှိသည့် လုပ်ငန်းမျိုးကိုသာ စိတ်ပါဝင်စားကြကြောင်း တွေ့ရှိရသည်။

စိုက်ပျိုး၊မွေးမြူရေးကို အဓိကလုပ်ကိုင်ခြင်းမရှိသော အိမ်ထောင်စုများသည် ချောင်း တွင်း ငါးဖမ်းသူ(၁) ဦး ရှိပြီး စီးပွားဖြစ်လုပ်ကိုင်နိုင်ခြင်း နည်းပါးပါသည်။ နဝဒေးသကြားစက် တွင် လုပ်ကိုင်သူ အိမ်ထောင်စု (၃)စု၊ လက်သမား ခေါင်းဆောင်အဖြစ်လုပ်ကိုင်သူ အိမ်ထောင်စု (၂)၊ ပန်းရံလုပ်သားအဖြစ် ကျပန်းလုပ်ကိုင်ကြသူ အိမ်ထောင်စု (၁၂၀) ၊ကျေးရွာတွင် ဆိုင်ကယ်ပြင်၊စက်ပြင်သူ (၁)အိမ်ထောင်စု၊ ကျေးရွာမှ ပြည်မြို့ရှိ ကားဝပ်ရှော့များတွင် လာ

ရောက်လုပ်ကိုင်နေသူ (၁၅)စု၊ဆိုင်ခန်းဖြင့် အတည်တကျ စက်ချုပ်လုပ်ကိုင်သူ (၅) အိမ်ထောင်စု၊ စက်ချုပ်ဆိုင်များတွင် သွားရောက်လုပ်ကိုင်သူ (၂၃) ဦး၊ဈေးဆိုင်(၂၇)ဆိုင်၊ စားသောက်ဆိုင်တွင် သွားရောက်လုပ်ကိုင်သူ အိမ်ထောင်စု (၁)စု၊ဆိုက္ကား၊ ဆိုင်ကယ်တက်စီ၊ကားလိုင်း ပြေးဆွဲသူ (၂၅)ဦး၊ငွေတိုး ချေးသူ (၆) ဦး၊စစ်သား (၃)ဦး၊ဆရာ/မ (၈)ဦး၊ စသည်ဖြင့် အလုပ်အကိုင်မျိုးစုံတို့အား လုပ်ကိုင်လျှက် ရှိကြသည်။သို့ရာတွင် ဝင်ငွေရပ်တည်နိုင်မှုမှာ စိုက်ပျိုးရေးလုပ်ငန်း၊လက်သမား၊ပန်းရံလုပ်ငန်း၊စက်ပြင်လုပ်ငန်း၊စက်ချုပ်လုပ်ငန်း၊ယာဉ်အငှားလိုက် ခြင်းတို့ဖြစ် ကြောင်း တွေ့ရသည်။

(ဂ) အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ

ကျေးရွာတွင်း လမ်းသည်(အလျား ၄၀၀၀ ပေ * အနံ ၂၀ ပေ * အမြင့် ၆ လက်မ) ရှိသော မြေနီလမ်းဖြစ်ပြီး ကျေးရွာမှ နှစ်စဉ်နှစ်တိုင်း မြေနီ၊သဲခင်းခြင်းတို့ကို ကိုယ်ထကိုယ်ထ (၇၀၀၀၀၀-၈၀၀၀၀၀)ကျပ် အကုန်အကျခံ၍ ပြုပြင်ကြသည်။ သို့ရာတွင် မြေသားအောက်ခံမှာ ပျော့ခြင်း၊ကုန်တင် ယာဉ်များ ဖြတ်သန်းသွားလာမှုများခြင်း တို့ကြောင့် ဗွက်ထူပြီး အထူးသဖြင့် မိုးတွင်းကာလတွင် သွားလာရခက်ခဲပါသည်။ ဤလမ်းပြုပြင်ပါက ကျေးရွာလူထုမှ လုပ်အား၊ တတ်နိုင်သော ငွေကြေး ထည့်ဝင်မည်ဖြစ်ပြီး ကွန်ကရစ်လမ်း သို့အဆင့်မြှင့်တင် လိုပါသည်။ မြရွာ-အနောက်လက်ခုပ်ပင် ရွာချင်း ဆက်လမ်းသည် မြေသားလမ်းဖြစ်ပြီး မိုးတွင်းကာလတွင် စက်ဘီး၊ဆိုင်ကယ်များ သွားလာမှုမပြု နိုင်ကြပါ။ ဗွက်ထူခြင်း၊ရေလျှံခြင်း၊တို့ကြောင့် ကောင်းစွာ အသုံးမပြုနိုင်သဖြင့် နဝဒေးသကြားစက်လမ်းမှ ပတ်၍ သွားလာကြရသည်။ ယင်းလမ်းအား ပြုပြင်ပါက (၂.၅)မိုင်ခန့်သွားရမည့်အစား (၀.၅)မိုင်ခန့်ဖြင့် လွယ်ကူစွာ သွားလာ ဆက်သွယ်မှုပြု နိုင်ကြမည်ဖြစ်သည်။(လမ်းအလျား ၂၅၃၀ ပေ အနံ ၁၅ ပေ* အမြင့် ၆ လက်မ) မြေနီလမ်းခင်းရန်လိုအပ်ပါသည်။ ကျေးရွာနှင့် (၄)မိုင်ခန့်အကွာတွင် မြေနီတောင်ရှိသဖြင့် မြေနီများ ရရှိနိုင်ခြင်း၊ကျောက်၊သဲတို့ကို လွယ်ကူစွာ ဝယ်ယူနိုင်ခြင်း၊ကျေးရွာတွင် သယ်ယူပို့ဆောင်ရေးယာဉ်များ လုံလောက်စွာရှိခြင်း၊(၂)ရွာပေါင်း လမ်းကော်မတီဖွဲ့စည်း၍ ငွေကြေးစုဆောင်းနိုင်ခြင်း၊စသည်တို့သည် မြေနီလမ်းဖြစ်မြောက်ရန် အားသာချက်များပင်ဖြစ်ပါသည်။

ရွာအဝင်တံတားမှာ ကွန်ကရစ်တံတားဖြစ်ပြီး ကိုယ်ထူကိုယ်ထ စနစ်ဖြင့် ၂၀၀၈ ခုနှစ်တွင် ဆောက်လုပ်ခဲ့ခြင်းဖြစ်သည်။ ယင်းတံတားသည် မြရွာ-အနောက်လက်ခုပ်ပင်-ပြည်မြို့သို့ လူမှုစီးပွားရေးအတွက် အဓိက ဆက်သွယ်ပေးထားသော ချောင်းကူးတံတားဖြစ်သည်။ ၂၀၁၀ ခုနှစ်တွင် မုန်တိုင်းကျရောက်ပြီး ကျေးရွာမှ (၄၅သိန်း) ကျပ်အကုန်အကျခံ၍ ပြန်လည် ပြုပြင်ခဲ့သည်။သို့ရာတွင် နည်းပညာစနစ်ကျမှု အားနည်းခြင်း၊ နှစ်စဉ်နှစ်တိုင်း ချောင်းရေ တိုက်စားခြင်း ကြောင့် ယခုအခါ ခိုင်ခံမှု အတော်ပင် အားနည်းနေပြီဖြစ်သည်။ကျေးရွာလူထုမှ လွတ်တော်ကိုယ်စားလှယ်၊ကျေးလက်ဦးစီးဌာနသို့ တင်ပြတောင်းဆိုထားပါသည်(အလျား ၁၈ ပေ အနံ ၇ပေ အမြင့် ၂၀ ပေ)။ မြရွာ-အနောက်လက်ခုပ်ပင် ရွာချင်းဆက်လမ်းဟောင်းရှိပြီး ယင်းလမ်းပေါ်တွင် သစ်သားတံတားမှာ အသုံးပြုရန် အခက်အခဲရှိပါသည်။ ယခုအခါ လမ်းဟောင်းမှာ အသုံးပြုရန်အခက်အခဲရှိသဖြင့် နဝဒေးသကြားစက်မှ ပတ်၍ရွာချင်းဆက် သွားလာနေရသဖြင့် (၂.၅) မိုင်ခန့်သွားရပြီး ရွာဟောင်းလမ်း၊တံတား အသုံးပြုနိုင်ပါက (၀.၅) မိုင်ခန့်ဖြင့် ရောက်နိုင်သဖြင့် ကျေးရွာအချင်းချင်းဆက်သွယ်မှု ပိုမိုမြန်ဆန်ထိရောက်နိုင်ပ ါသည်(အလျား ၁၅ ပေ* အနံ ၈ပေ* အမြင့် ၆ ပေ)။

ကျေးရွာတွင် အဝီစိတွင်း (စက်တပ်၊တုံကင်) အိမ်တိုင်းစေ့ မရှိသော်လည်း နီးစပ်ရာ ဝန်းကျင်တွင် ရေခပ်ယူသုံးစွဲနိုင်ပြီး နွေ၊မိုး၊ဆောင်း ရေလုံလောက်မှုရှိပါသည်။ Unicef မှ အဝီစိတွင် (စက်တပ်တွင်း) ၄ တွင်းနှင့် ရေလှောင်ကန် ပံ့ပိုးပေးထားပြီး ကျေးရွာမှ ပြုပြင် ထိန်းသိမ်း၍ သုံးစွဲနေကြသည်။ လွန်ခဲ့သော (၈)နှစ်ခန့်က ရေအရည်အသွေးဆန်းစစ်မှုရှိပြီး ကာလဝမ်းရောဂါပိုး တွေ့ခဲ့သဖြင့် နှစ်စဉ် ပိုးသတ်ဆေးခပ်မှုများ ပြုလုပ်ပါသည်။

ကျေးရွာသည် ပြည်မြို့နှင့် တစ်စပ်တည်းတည်ရှိပြီး ကုန်ပစ္စည်းများဝယ်ယူခြင်း၊ သီးနှံများရောင်းချခြင်းတို့အတွက် ကောင်းစွာလက်လှမ်းမီပါသည်။ကျေးရွာမှ ဆိုင်ကယ် အငှား ယာဉ်၊ ကားအငှားယာဉ်များရှိပြီး လွယ်ကူစွာ သွားလာနိုင်ပါသည်။ ပြည်စျေးကြီးသည် စျေးနှုန်း မှန်ကန်၍ ရွေးချယ်ရန် ပေါများခြင်းကြောင့် စျေးကွက်ဆိုင်ရာ ပြဿနာမရှိပါ။

(ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု

ကျေးရွာ၏ ငွေကြေးလက်လှမ်းမှီ မှုမှာ မြန်မာလယ်ယာ ဖွံ့ဖြိုးရေး ဘဏ်နှင့် သမဝါယမချေးငွေ အသင်းတို့သာရှိပါသည်။မ မြန်မာ့လယ်ယာစိုက်ပျိုးရေးဘဏ်မှ ချေးငွေမှာ ယခင် (၃) ဦး ဖွဲ့ဝိုင်းကြီး ချုပ်စနစ်မှ ယခုအခါ ကိုယ့်တာဝန်ကိုယ်ယူသည့် စနစ်သို့ ပြောင်းလဲ ထုတ်ချေးပေးခြင်း၊ ဇွန်လ မှ စတင်ချေးပေး မတ်လတွင် ပြန်ဆပ်ရသဖြင့် (၁၀) လခန့် အသုံးပြုနိုင်ပါသည်။ အတိုးနှုန်းမှာ (၀.၆၇ %) တိုး (နှစ်တိုး) ဖြစ်ပြီး သတ်မှတ်ကာလတွင် ပြန်လည်ပေးဆပ်နိုင်မှုမရှိပါက ဒဏ်ကြေးပေး ဆောင်ရသည်။ သမချေးငွေရရှိသော်လည်း ငွေချေးသည့်နေ့တွင်ပင်စုဆောင်းငွေပြန်နှုတ်ယူထားခြင်း၊ချေးငွေအား(၆)လဟုဆို သော်လည်း နောက်ကျမှ ထုတ်ချေးရခြင်း၊အချိန်စောု၍ ပြန်ဆပ်ရခြင်း တို့ကြောင့် ချေးငွေ ထုတ်ချေးသူ နည်းပါးလာပါသည်။ လက်လုပ်လက်စားသမားများအတွက် ချေးငွေလိုအပ်ပါသည်။

ငွေချေးသူအချို့ရှိသော်လည်းယုံကြည်မှုရှိမှုသာငွေချေးနိုင်ပါသည်။ကျေးရွာအတွင်းငွေချေး လိုပါက အပေါင်ခံ ပစ္စည်းနှင့် (၅)ကျပ်တိုး(လတိုး)ပေးရပါသည်။ပုဂ္ဂလိက အသေးစားချေးငွေ အဖွဲ့အစည်းများမှာ လုပ်ကိုင်မည့် စီးပွားရေးလုပ်ငန်းအမျိုးအစားအုပ်စုပေါ်မူတည်၍ ချေးငွေ သတ်မှတ် နိုင်ပါက ပိုမိုအကျိုး ထိရောက်နိုင် ပါသည်။ငွေတိုးချေးသူများရှိပြီး အတိုးနှုန်းမှာ (၅-၁၀ ကျပ်၊လတိုး)ယူကြသည်။ ယုံကြည်မှုရှိမှုသာ ထုတ်ချေးပြီး လိုအပ်သလောက် ချေးငွေ မရရှိနိုင်ပါ။

(c) ပညာရေး

ကျေးရွာတွင် စာမတတ်သူ ကျား(၉)ဦး၊မ(၁၅) ဦးတွေ့ရပြီး ထိုသူများမှာ အဘိုး၊အဘွား အရွယ်ရောက်နေသူ သက်ကြီးများဖြစ်ကြသည်။ ကျေးရွာတွင် မူလွန်ကျောင်းရှိသော်လည်း ကျောင်းသားမိဘများအနေဖြင့် ပညာရေးအပေါ်တွင် စိတ်ပါဝင်စားမှု အားနည်းပါသည်။ အထက်တန်း ကျောင်းမှာလည်း (အ.ထ.က (၂)၊ပြည်) နှင့် ၀.၅ မိုင်သာ ကွာဝေးပါသည်။ မူလတန်းပြီးဆုံးပါက အလယ် တန်းအဆင့်တွင် ကျောင်းထုတ်၍ ကလေးထိန်းခြင်း၊ စျေးတွင် အလုပ်လုပ်ခိုင်းခြင်း(၂၀၀၀ ကျပ်ခန့်ရရှိသောကြောင့်) တို့ကြောင့် မူလတန်းပြီးဆုံးသူသာ များပြားသည်။ တက္ကသိုလ်/ကောလိပ် အဆင့် ရှိသူမှာ အိမ်ထောင်စု (၃၀၁) စုရှိသည့် ရွာတွင် ကျား(၇)ဦး၊မ(၁၂)ဦး၊ပေါင်း(၁၉) ဦးသာ ရှိသဖြင့် ပညာတတ်ဦးရေလွန်စွာနည်းပါးသော ကြောင်းတွေ့ရှိရသည်။ပညာတတ်များ ပေါ်ထွန်းလာစေရန် အသိပညာ ပေးမှု၊ဆရာ-

မိဘတွေ့ဆုံ ဆွေးနွေးမှုများ များစွာလိုအပ်နေပါသေးသည်။

ကျေးရွာတွင် မူလွန်ကျောင်းရှိပြီး သတ္တမတန်းအထိ တက်ရောက်သင်ကြားနိုင်ပါသည်။ အလယ်တန်း၊အထက်တန်းပညာများကို အ.ထ.က(၂) ပြည်မြို့(၀.၅ မိုင်အကွာ)တွင် သွားရောက် ပညာသင်ယူနိုင်ပါသည်။ စာသင်ကျောင်းဆောင်မှာ အသင့်အတင့်ကောင်းမွန် သော်လည်း ကျောင်းသား အရေအတွက်၊သင်ကြားရသော အတန်းနှင့်နှိုင်းယှဉ်ပါက ကျောင်းဆောင်မှာ ကျဉ်းပြီး သင်ယူရန် အခက်အခဲရှိနေပါသည်။ ကျောင်းတွင်သင်ထောက်ကူ ပစ္စည်းများ လုံလောက်မှု အားနည်းပါသည်။ ဆရာ/မ လုံလောက်မှုရှိပြီး အာဟာရတိုက်ကျွေးမှု ရှိပါသည်။ အလယ်တန်း၊ အထက်တန်း ပညာကိုသင်ယူရန် အခက်အခဲမရှိသော်လည်း မိဘများ၏ ပညာရေးအပေါ်တွင်စိတ်ပါဝင်စားမှု နည်းပါး ခြင်း၊ကျောင်းနေအရွယ်ကလေးများ ကျပန်း လုပ်ကိုင်ခြင်းဖြင့် ဝင်ငွေရှာဖွေနိုင်ခြင်း၊ မိဘများ၏ အဓိက စီးပွားရေးမှာ နေ့စား ကျပန်း လုပ်ငန်းများကို မှီခိုနေရခြင်းတို့ကြောင့် ဖြစ်သည်။ ပညာရေး ဦးစီးဌာန/ ဆရာ၊ဆရာမတို့မှ မိဘများအား ပညာရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲများ၊ ဆွေးနွေးပွဲများ ပြုလုပ်ပေးရန် လိုအပ်ပါသည်။

(စ) ကျန်းမာရေး

ကျေးရွာတွင်အဖြစ်များသော ရောဂါများမှာ ရာသီတုပ်ကွေး၊ဝမ်းပျက်ဝမ်းလျှောရောဂါ၊ သွေးတိုး၊ဆီးချိုတို့ဖြစ်သည်။ကျေးရွာတွင်ကိုယ်ထူကိုယ်ထဆောက်လုပ်ထားသော ကျေးလက် ကျန်းမာရေးဆေးပေးခန်းရှိပြီး သားဖွားဆရာမ(၁)ဦး၊ကြီးကြပ်(၂) တစ်ဦး တာဝန် ချထားပေး သဖြင့် ပုံမှန်ကျန်းမာရေးစောင့်ရှောက်မှုရရှိပါသည်။ ရောဂါများအတွက် ကြိုတင်ကာကွယ် ခြင်း ဆိုင်ရာ၊ နေထိုင်စားသောက်မှုဆိုင်ရာ စသည့်ကျန်းမာရေးဆိုင်ရာအသိပညာရှိမှုမှာ လိုအပ်နေဆဲ ဖြစ်သည်။

ကျေးရွာတွင် ကျေးလက်ကျန်းမာရေး ဆေးပေးခန်းရှိပြီး ကာကွယ်ဆေးထိုးခြင်း၊ ကိုယ်ဝန်ဆောင် ကာကွယ်စောင့်ရှောက်မှုများကို ပုံမှန်လုပ်ဆောင်ပေးလေ့ရှိပါသည်။ ဆေးပေးခန်း မှာ ကိုယ်ထူကိုယ်ထ ဆောက်လုပ်ထားခြင်းဖြစ်ပြီး အခန်း၊ကုတင်၊ဆေးဝါး အသင့်အတင့် လုံလောက်ပါသည်။အရေးပေါ်ကျန်းမာရေးအတွက် ပြည်မြို့နယ်ပြည်သူ့ဆေးရုံသို့ (၀.၅)မိုင်ခန့် သာ ကွာဝေး သဖြင့် အခက်အခဲမရှိသွားလာနိုင်ပါသည်။ ပြည်မြို့တွင်ပင် လိုအပ်သော ဆေးဝါး များ ကို အလွယ်တကူ ဝယ်ယူနိုင်ပါသည်။

(ဆ) ဘေးန္ဆရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ထိခိုက်သက်ရောက်လွယ်မှုအနေဖြင့် လုပ်ကိုင်စားသောက်ရန် စိုက်ပျိုးမြေများ နည်းပါးလာသဖြင့် စားနပ်ရိက္ခာဖူလုံမှု နည်းပါးခြင်း၊မြစ်ရေကြီးသဖြင့် သီးနှံများပျက်စီးဆုံးရှုံး မှုများခြင်း၊ မြစ်ကမ်းနှင့် နီးသောကြောင့် ရံဖန်ရံခါ မုန်တိုင်းဒဏ်ခံရခြင်း၊ သဲ၊ကျောက်များ စုပ်ယူခြင်းကြောင့် ကျေးရွာအတွင်းပင် မြေအက်ကွဲကြောင်းများဖြစ်ပေါ်လာခြင်း၊မိုးတွင်းကာလတွင် သွားလာရခက်ခဲခြင်း စသည့်တို့ကို ကြုံရလေ့ရှိပါသည်။ကျေးရွာတွင်လုပ်ကိုင်စားသောက်သောသောင်ခုံများ ပြုခြင်းအား သက်ဆိုင်ရာ တာဝန်ရှိသူ (လွတ်တော်ကိုယ်စားလှယ်၊မြို့နယ်အုပ်ချုပ်ရေးမှူး စသည်)တို့အား တင်ပြဆွေးနွေးထားဆဲဖြစ်သည်။ကျေးရွာတွင်း လူနေအိမ်များအနီးတွင် မြေအက်ကွဲကြောင်း ဖြစ်ပေါ်မှုအပေါ် သဲအိတ်အလုံး(၆၀)ထည့်၍ ပြန်လည်ပိတ်ဆို့ခြင်း မှလွဲ၍ အခြား ဘေးအန္တရာယ်များအတွက် ကြိုတင် ကာကွယ်မှုမရှိချေ။

မြေဩဇာ စနစ်တကျမသုံးစွဲခြင်း၊စမ်းထွက်ခြင်းတို့ရှိသော်လည်း လယ်ယာမြေများကို စနစ် တကျပြုပြင်နိုင်ခြင်း မရှိဘဲ(နည်းပညာမသိရှိသဖြင့်) ထပ်တလဲလဲ စိုက်ပျိုးမှုကြောင့် မြေဆီဩဇာများ အရည်အသွေးညံ့ဖျင်းလာပြီး အထွက်နှုန်းမှာ လျော့နည်းလာကြောင်း တွေ့ရသည်။ယခင်က သစ်တောပင်၊ဆေးဘက်ဝင်ပင်များ ပေါများစွာတွေ့ရသော်လည်း လယ်ယာမြေများ တိုးချဲ့ခုတ်ထွင် ရှင်းလင်းမှုကြောင့် မျိုးတုန်းပျောက်ကွယ် လုပြီဖြစ်သည်။ ဖျက်ပိုးကျရောက်မှုရှိပြီး ထိရောက်စွာ ကာကွယ် နှိုင်နင်းနိုင်မှု အားနည်းပါသည်။ကျေးရွာအနီးရှိ ချောင်းထဲတွင် ငါးမျိုးစုံတွေ့ရတတ်ပြီး ယခုအခါ ကျောက်ထုတ်၊ သဲစုပ်စက်များကြောင့် အနည်းငယ်သာတွေ့ရပါသဖြင့် ကာလာကြာရှည်လာပါက ငါးမျိုးများ မတွေ့ရနိုင်တော့ပါ။စွန့်ပစ် ပစ္စည်းများအား မီးရှို့ကြသည်။

(ဇ) ကျား – မ ရေးရာ

ကျား၊မဆိုင်ရာ အခွင့်အရေးအနေဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် လူမှုရေးအဖွဲ့အစည်းများတွင် အမျိုးသမီးများ ဝင်ရောက်လုပ်ကိုင်လျက်ရှိပါသည်။အမျိုးသမီးများသည် လယ်ယာ စိုက်ပျိုးရေးလုပ်ငန်းများတွင် ကောက်စိုက်ခြင်း၊ပေါင်းနှုတ်ခြင်း ၊ပဲစိုက်ခြင်း၊ စပါးရိတ်ခြင်း စသည့်လုပ်ငန်းများကို လုပ်ကိုင်ကြသည်။အမျိုးသမီးနှင့် အမျိုးသားများ

လုပ်အားခနှုန်းထားများကွာ ခြားမှုရှိသည်။လုပ်ငန်းအမျိုးအစားများ ကွဲပြားသောကြောင့်လည်း လုပ်ခနှုန်းထားများ ကွာခြားခြင်း ဖြစ်သည်။

ကျေးရွာတွင် အမျိုးသမီးများအား ရုပ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ မရှိသလောက် နည်းပါးပါသည်။ကျေးရွာတွင် အမျိုးသမီးများတန်းတူအခွင့်အရေးရှိပြီး အဖွဲ့အစည်း များ တွင်လည်း စိတ်ပါဝင်စားစွာ ဝင်ရောက်လုပ်ကိုင်နေကြောင်း တွေ့ရှိရပါသည်။

၅။ကျေးရွာဖွံ့ဖြိုးရေးဗျူဟာဇယား

ပြည်မြို့နယ်၊ အနောက်လက်ခုပ်ပင် ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ အခြေပြဇယား

စဉ်	ပြဿနာ	အကြောင်းအရာ	အခွင့်အလမ်း	အဟန့်အတား	ဖြေရှင်းမည့်နည်းလမ်း	အဆိုပြုစီမံချက်နှင့်လုပ်ငန်းများ
ကဏ္ဍ-လမ်းပန်းဆက်သွယ်ရေး						
၁။	• မြေရွာ-အနောက်လက်ခုပ်ပင်ဆက်လမ်းမှာ မိုးတွင်းကာလတွင် ဗွက်ထူ၍ သွားလာရခက်ခဲခြင်း၊	• ကိုယ်ထူကိုယ်ထခင်းထားသောမြေနီလမ်းဖြစ်ခြင်း (မြေနီနည်းပါးသဖြင့်အရည်အသွေးနိမ့်ပါးခြင်း) • မြေသားခံနိမ့်သဖြင့် နှစ်စဉ်မြေနီထပ်တိုးခင်းသော်လည်းရွံ့ဗွက်ထခြင်း၊ • ကြံတင်ကုန်ကားများသွားလာမှုများခြင်း၊ • စနစ်တကျစည်းကမ်းသတ်မှတ်မှု၊လိုက်နာမှုများ မရှိခြင်း၊ • ပြုပြင်ထိန်းသိမ်းရန် ရံပုံငွေများ မရှိခြင်း၊	• ရပ်ရွာသူ/သားများမှ လုပ်အားဖြင့် ပါဝင်နိုင်ကြခြင်း၊ • တစ်နိုင်တစ်ပိုင်နှစ်စဉ် ပြုပြင်မှုရှိခြင်း၊ • လွှတ်တော်ကိုယ်စားလှယ်နှင့်သက်ဆိုင်ရာဌာနဆိုင်ရာများအားတင်ပြဆွေးနွေးထားခြင်း၊	• ကိုယ်ထူကိုယ်ထလမ်းခင်းရန်ငွေကြေးမတတ်နိုင်ခြင်း၊ • လျှပ်စစ်မီးရရှိရေးအတွက်ငွေကြေး ထည့်ဝင်နေရသဖြင့် အခြားဖွံ့ဖြိုးရေးကိစ္စများတွင် ငွေကြေးထည့်ဝင်နိုင်ရန် အခက်အခဲရှိခြင်း၊ • မြို့နယ်ဦးစီးဌာနများ၏ နှစ်စဉ်ရံပုံငွေရရှိမှုအပေါ်တွင်မူတည်ခြင်း၊	• ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှကျေးရွာအုပ်ချုပ်ရေးမှူး၊ရပ်မိရပ်ဖများနှင့်ဆွေးနွေးပြီး • ကျေးလက်ဦးစီးဌာန(သို့)ကျေးလက်လမ်းဦးစီးဌာနသို့တင်ပြတောင်းခံ ရန်၊ • ရံပုံငွေရရှိနိုင်မည့် အစီအစဉ်များအားရေးဆွဲခြင်း	၁။လမ်းပမ်းဆက်သွယ်ရေးကောင်းမွန်လာစေရေးစီမံချက်။ (အလျား ၂၈၀၀ ပေ* အနံ ၁၀ ပေ * အမြင့် ၉ လက်မ) ကွန်ကရစ် လမ်းခင်းခြင်း ၊ • အများသဘောတူဦးစီးဦးဆောင်၍လုပ်ဆောင်သူများသတ်မှတ်ဖွဲ့ စည်းခြင်း၊ • ကျေးရွာလူထု အစည်းအဝေးကျင်းပခြင်းနှင့် ငွေအား၊လူအား သတ်မှတ်လျာထားခြင်းနှင့် ကောက်ခံစုဆောင်းခြင်း၊ • သက်ဆိုင်ရာဦးစီးဌာနသို့ ချိတ်ဆက်တင်ပြဆောင်

						ရွက်ခြင်း၊ • ပြုပြင်ထိန်းသိမ်းရေး စနစ်နှင့် ငွေကြေးအစီအမံ များထားရှိခြင်း၊
	• ရွာအဝင်ချောင်းကူး တံတားခိုင်ခံ့မှုအား နည်းခြင်း၊ •	• နှစ်စဉ်ချောင်းရေတို က်စားခြင်း၊ • မြေရွာ-အနောက်လက် ခုပ်ပင်-ပြည်သို့ ကုန်စည် စီးဆင်းရန် အဓိကအ သုံးပြုနေသော တံတား ဖြစ်ခြင်း၊အသုံးပြုမှု များခြင်း၊ • နည်းပညာဖြင့် စနစ် တကျဆောက်လုပ်မှုဆို င် ရာအားနည်းခြင်း၊ • ကျေးရွာလူထုမှ ၂၀၀၈၊၂၀၁၀ တို့တွင် ကိုယ်ထူကိုယ်ထဖြင့် အုတ်စီကွန်ကရစ်တံ တား အဖြစ် ပြုပြင်ခဲ့	• ရပ်ရွာသူ/သား များမှ လုပ်အား ဖြင့် ပါဝင်နိုင်ကြ ခြင်း၊ • တစ်နိုင်တစ်ပိုင် နှစ်စဉ် ပြုပြင်မှုရှိ ခြင်း၊ • လွှတ်တော်ကိုယ် စားလှယ်နှင့်သက် ဆိုင်ရာဌာနဆိုင်ရာ များအားတင်ပြ ဆွေးနွေးထားခြင်း၊ •	• ကိုယ်ထူကိုယ်ထ လမ်းခင်းရန်ငွေကြေးမ တတ်နိုင်ခြင်း၊ • လျှပ်စစ်မီးရရှိရေးအ တွက်ငွေကြေး ထည့်ဝင် နေရသဖြင့် အခြားဖွံ့ဖြိုး ရေးကိစ္စများတွင် ငွေ ကြေးထည့်ဝင်နိုင်ရန် အခက်အခဲရှိခြင်း၊ • မြို့နယ်ဦးစီးဌာနများ ၏ နှစ်စဉ်ရံပုံငွေရရှိမှု အပေါ်တွင်မူတည်ခြင်း၊	• ကျေးရွာဖွံ့ဖြိုးရေး ကော်မတီမှကျေးရွာအုပ် ချုပ်ရေးမှူးရုပ်မိရုပ်ဖများ နှင့်ဆွေးနွေးပြီး • ကျေးလက်ဦးစီးဌာန(သို့)ကျေးလက်လမ်းဦးစီးဌာ နသို့တင်ပြတောင်းခံ ရန်၊ • ရံပုံငွေရရှိနိုင်မည့် အစီ အစဉ်များအားရေးဆွဲ ခြင်း •	• ချောင်းကူးတံတားပြုပြင် တည်ဆောက်ခြင်း စီမံချက်။ (အလျား ၂၀ ပေ * အနံ ၁၈ ပေ* အမြင့် ၃၀ ပေ)ကွန်က ရစ်တံတားတည်ဆောက်ခြင် း၊

		သော်လည်း အရည်အ သွေးပိုင်းဆိုင်ရာ အား နည်းခြင်း၊ •				
ကဏ္ဍ-ကျန်းမာရေး						
၂။	• ကျန်းမာရေးအသိပ ညာအားနည်း ခြင်း၊	• ကျန်းမာရေးအသိပ ညာပေးမှုအားနည်း ခြင်း၊ • ကြိုတင်ကာကွယ် မှုအားနည်းခြင်း၊	• ကျေးရွာအုပ်စု(ကျေးရွာနှင့်ကပ်လျှက်)တွင်ကျေး လက်ဆေး ပေးခန်းရှိခြင်း၊ • အရေးပေါ်ကျန်း မာရေးအတွက် (၀.၅) မိုင်သာအ ကွာတွင် ပြည်မြို့ နယ်ဆေးရုံရှိခြင်းနှ င့်လွယ်ကူစွာသွား လာနိုင်ခြင်း၊ • ဆွေးနွေးပွဲများ ခေါ်ပါက တက် ကြွစွာတက်ရောက် လေ့ရှိခြင်း၊	• ဦးစီးဌာန၏ မူဝါဒ များအတိုင်း ကိုယ်ဝန် ဆောင်၊မိခင်နှင့် ကလေး သေနှုန်းကျဆင်ရန်သာ အလေးထားလုပ်ဆောင် နေရခြင်း၊	• ရပ်မိရပ်ဖ၊ကျေးရွာ ဖွံ့ဖြိုးရေးကော်မတီတို့မှ ဦးဆောင်၍ ကျန်းမာရေးအသိပညာ ပေးပွဲများကျင်းပနိုင်ရန် ကျေးရွာတာဝန်ကျ ဆရာမနှင့် ညှိနှိုင်း ဆွေး နွေးခြင်း၊ • ကျန်းမာရေးဦးစီးဌာန သို့ တင်ပြဆွေးနွေးခြင်း၊	၂။ ကျန်းမာရေး အသိပညာများတိုးပွားလာ စေရေး စီမံချက်။ • ရပ်မိရပ်ဖ၊ကျေးရွာ ဖွံ့ဖြိုးရေးကော်မတီတို့မှ ဦးဆောင်၍ ကျန်းမာရေး ဟောပြောပွဲများ ကျင်းပလာနိုင်စေရန် စီစဉ် ပေးခြင်း၊ • ကျန်းမာရေးအသိပညာပေး ခြင်း၊
ကဏ္ဍ-စိုက်ပျိုးရေး						

၃။	• သီးနှံစိုက်ပျိုးခြင်းမှ အကျိုးအမြတ်ရရှိမှု နည်းပါးခြင်း၊ –(စပါး)သီးနှံအထွက် နှုန်း လျော့နည်းခြင်း။ –မြေနုကျွန်းများတွင် လုပ်ကိုင်စားသောက် နိုင်မှုမပြုနိုင်တော့ခြင်း၊	• စမ်းကျွံခြင်း၊ • လုပ်သားခစေးကြီး ခြင်း၊ • စိုက်ပျိုးရေးနည်းပညာ များမရရှိခြင်း၊ • ဓါတ်မြေဩဇာ၊ပိုးသတ် ဆေးစနစ်တကျအသုံးပြု မှုမရှိခြင်း၊ • မျိုးကောင်းမျိုးသန့် အသုံးပြုနိုင်မှုနည်းပါး ခြင်း၊ • စျေးနှုန်းတည်ငြိမ်မှုမရှိ ခြင်း၊ • သဲ၊ကျောက်စုပ်ယူမှုများ သဖြင့် မြေနုကျွန်း ပေါ်မှု မရှိခြင်း(သောင် ခုံများ ပျက်စီးခြင်း)	• စိုက်ပျိုးရေးဦးစီး ဌာနနှင့်ချိတ်ဆက် ဆောင်ရွက်နိုင် ခြင်း(သို့ရာတွင်ထိ ရောက်သော နည်းပညာပံ့ပိုးမှု အားနည်းခြင်း)၊ • ကုမ္ပဏီများမှ ပိုးသတ်ဆေး၊မြေ ဩဇာများ အကြွေး စနစ်၊သီးနှံပေါ်ပေး စနစ်ဖြင့်ရောင်းချ ခြင်း၊ • လုပ်သားပေါများ ခြင်း(လုပ်သားခ နှုန်းတိုး၍ပေးလျှင် လုပ်ကိုင်သူပေါ များခြင်း) • သဲ၊ကျောက် စုပ်ယူမှုများအား မှတ်တမ်းအထော	• စနစ်တကျ စိုက်ပျိုး နည်းစနစ်များ ပေး သည့်ပညာရှင်(သို့)မဖွဲ့ အစည်းများနှင့် ချိတ်ဆက် ဆောင်ရွက် နိုင်မှုမရှိခြင်း။ • လက်တွေ့စမ်းသပ် သင်ကြားမှုများ အားနည်း ခြင်း၊ • စျေးကွက်ဆိုင်ရာ အသိပညာဗဟုသုတ၊သ တင်းအချက်အလက် လက်လှမ်းမီမှုအားနည်း ြခင်း၊ • ယခင် နှစ်ကာလများ စွာမှစိုက်ပျိုးစားသော က်ခဲ့သောမြေနုကျွန်းများ မှာ ပြည်မြို့နယ်ပိုင်မ ဟုတ်ဘဲ ပန်းတောင်း တွင်ပါဝင်နေခြင်း၊	• ကျေးရွာဖွံ့ဖြိုးရေး ကော်မတီမှဦးဆောင်၍ စိုက်ပျိုး တောင်သူများအောက်ပါ တို့လက်လှမ်းမီလာစေရန် ဆောင်ရွက်ပေးခြင်း၊ • စိုက်ပျိုးရေးနည်းပညာ ၊ • မျိုးကောင်းမျိုးသန့် ၊ • စျေးကွက်ကောင်းရရှိနိုင် ရန် • မြေနုကျွန်းများတွင် ပြန် လည်စိုက်ပျိုးနိုင်ရန် မြို့ နယ်တာဝန်ရှိသူများမှသဲ၊ ကျောက်ထုတ်ယူမှုများ အား ကြီးကြပ်စစ်ဆေးပေး ခြင်း(စနစ်တကျထုတ်ယူ နိုင်ရန် ဆောင်ရွက်ခြင်း)	၃။စိုက်ပျိုးသီးနှံများမှ အကျိုးအမြတ်ရရှိစေရေး။ • စိုက်ပျိုးရေးလုပ်ကိုင်သူ တောင်သူအစုအဖွဲ့များ ဖွဲ့စည်း၍ ကွန်ယက်ဖွဲ့စည်း ခြင်း။ • စိုက်ပျိုးရေးဦးစီးဌာန(သို့) စိုက်ပျိုးရေးပညာရှင်များ မှ စိုက်ပျိုးရေးဆိုင်ရာ နည်းပညာသင်တန်းများ ပေးခြင်း၊ • စံပြစမ်းသပ်ကွက်များ ကျေးရွာအတွင်း စမ်းသပ် စိုက်ပျိုးခြင်း၊ • မြေဩဇာ၊ပိုးသတ်ဆေး အရည်အသွေးများကို နိုင်ငံတော်မှ မူဝါဒချမှတ်၍ ကြီးကြပ်စစ်ဆေးခြင်းနှင့် အရေးယူခြင်း၊ • ကုန်သည်များ၊တောင်သူ အစုအဖွဲ့များစဉ်ဆက်မပြတ် တွေ့ဆုံနိုင်ရန် စီစဉ်

			က်အထားဓါတ်ပုံများနှင့်တကွလွှတ်တော်ကိုယ်စားလှယ်၊မြို့နယ်တာဝန်ရှိသူများထံသို့တင် ပြထားခြင်း၊			ဆောင်ရွက်ခြင်းနှင့်ဈေးကွက်ဆိုင်ရာဗဟုသုတ၊ဖြစ်နိုင်ချေရှိ သောဈေးနှုန်းများနှင့် အလားအလာရှိသောသီးနှံများအကြောင်းသိရှိနိုင်စေခြင်း၊ • မြေနုကျွန်းတွင် ပြန်လည်လုပ်ကိုင်စားသောက်နိုင်ရန် တာဝန်ရှိသူများမှ ကြီးကြပ်စစ်ဆေးပေးခြင်း၊
ကဏ္ဍ–မီးလင်းရေး						
၄။	• အိမ်တိုင်းစေ့လျှပ်စစ်မီးမသုံးစွဲနိုင်ခြင်း၊	• လျှပ်စစ်မီးရရှိသော်လည်း အိမ်ထောင်စု (၃၀၁)စုတွင်(၁၇၀)စုမှာ ငွေကြေးမတတ်နိုင်သဖြင့် မီးမရရှိသေးခြင်း၊ • လက်လုပ်လက်စား မိသားစုများသဖြင့် တစ်အိမ်လျှင် (၅၀၀၀၀) ကျပ်စုဆောင်းရန် အခက်အခဲရှိခြင်း၊ • မီးလင်းရေးအတွက်	• ခြံဝန်းတစ်ခုတည်းတွင်ရှိသော အိမ်ထောင်စုများရှိလျှပ်စစ်မီးရရှိသော အိမ်ထောင်စုများမှမျှဝေသုံးစွဲခွင့်ပေးခြင်း၊ • ပြုပြင်ထိန်းသိမ်းရေးရုံပုံငွေ (၂၀)သိန်းခန့်ရှိခြင်း၊	• နိုင်ငံတော်မှဖြစ်စေ၊ပုဂ္ဂလိကလုပ်ငန်းရှင်များမှဖြစ်စေအိမ်ထောင်စုအားလုံးမီးလင်းနိုင်ရန်ချေးငွေထုတ်ချေးပေးသည့် အစီအစဉ်များမရှိခြင်း၊	• မီးလင်းရေးကော်မတီ၊ကျေးရွာဖွံ့ဖြိုးရေး ကော်မတီမှဦးဆောင်၍ အိမ်တိုင်းစေ့မီးလင်းနိုင်ရန် • ဌာနဆိုင်ရာများ၊လွှတ်တော်ကိုယ်စားလှယ်များ၊ပုဂ္ဂလိက လုပ်ငန်းရှင်များအား ချိတ်ဆက်တင်ပြခြင်း၊	၄။အိမ်တိုင်းစေ့လျှပ်စစ်မီးအသုံးပြုနိုင်စေရေး။ • မီးလင်းရေးချေးငွေထုတ်ချေးခြင်း၊ • ပြုပြင်ထိန်းသိမ်းရေး ရုံပုံငွေမှ အတိုးဖြင့် အလှည့်ကျထုတ်ချေးခြင်း၊

		ချေးငွေထုတ်ချေးသည့် အစီအစဉ်များမရှိခြင်း၊				
ကဏ္ဍ-လူငယ်						
၅။	လူငယ်များလေ့လာသင်ယူမှု၊ဗဟုသုတရှိမှုအားနည်းခြင်း၊	•အချိန်ပိုများကိုအင်တာနက်များအသုံးပြုခြင်းဖြင့် အချိန်ကုန်ဆုံးနေကြခြင်း(အွန်လိုင်းမှလောင်းကစားဂိမ်းများဆော့၍ ငွေကြေးကုန်ကျမှုများခြင်း) •နေ့စားလုပ်ကိုင်ခြင်းဖြင့်သာအချိန်ကိုအများဆုံး အသုံးပြု ကြခြင်း၊ •စာအုပ်၊စာပေများအားလက်လှမ်းမီမှုအားနည်းခြင်း၊ •အသင်းအဖွဲ့ဖြင့်လူငယ်လှုပ်ရှားဆောင်ရွက်မှုများအားနည်းခြင်း၊	• ပြန်/ဆက်ဦးစီးဌာနတွင်စာအုပ်၊စာပေများငှားရမ်းနိုင်ခြင်း၊ • လူငယ်များစုဝေးရန် နေရာကျယ်ကျယ်ဝန်းဝန်းရှိခြင်း၊	•လူငယ်များကိုယ်တိုင်ဖွံ့ဖြိုးတိုးတက်လိုစိတ်၊လေ့လာသင်ယူလိုစိတ်နည်းပါးခြင်း၊ •အသင်းအဖွဲ့ဖြင့် လုပ်ကိုင်ဆောင်ရွက်ခြင်း ထက်ဖုန်းအသုံးပြုခြင်း နေထိုင်ရခြင်းကို ပို၍ နှစ်သက်လာကြခြင်း၊ •လေ့လာသင်ယူရန် လူငယ်ဖွံ့ဖြိုးရေးစင်တာများမရှိခြင်း၊ •အလုပ်အကိုင်အခွင့် အလမ်းနည်းပါးသဖြင့် ဗဟုသုတရှာမှီးရန် အချိန်ပေးနိုင်မှုနည်းပါးလာခြင်း၊	•ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှဦးဆောင်၍လူငယ်များဖွံ့ဖြိုးတိုးတက်လာစေရန်အောက်ပါတို့ကိုဆောင်ရွက်ခြင်း -လူငယ်ဖွံ့ဖြိုးရေးရုံပုံငွေတစ်ရပ် ထူထောင်ရန် စည်းလုံး ဟောပြောခြင်း၊ -ပြန်ဆက်ဦးစီးဌာနနှင့် ဆက်သွယ်၍ စာသင်ကျောင်းများ၊လူငယ်များအတွက်ဗဟုသုတစာပေ များအလှည့်ကျ ငှားရမ်းဖတ်ရှုစေခြင်း၊ -နိုင်ငံတော်အဆင့်မှ မူဝါဒချမှတ်၍ အင်တာနက်စနစ်တကျအသုံးပြုနိုင်ရန် ကြီးကြပ်လုပ်ဆောင်ခြင်း(ဥပမာ-အသက်ကန့်သတ်ခြင်း	၅။လူငယ်များကာယ၊ဉာဏ်စွမ်းရည်တိုးတက်လာစေရေးစီမံချက်။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊လူငယ်များဦးဆောင်၍ •အလှူရှင်/စေတနာရှင်များထံမှ အလှူငွေ၊စာအုပ်ကောက်ခံ ခြင်းနှင့် လူငယ်ဖွံ့ဖြိုးရေး ရုံပုံငွေထူထောင်ခြင်း၊ •အားကစားပစ္စည်း၊စားအုပ်၊ဂျာနယ်၊မဂ္ဂဇင်းများ လူငယ်များစုစည်းနိုင်မည့် နေရာတွင်ထားရှိခြင်း၊ •အုပ်စုတွင်း/ကျေးရွာတွင်း လူငယ်ဖွံ့ဖြိုးရေးစင်တာများပေါ်ထွန်းလာစေရန်ဆောင်ရွက်ခြင်း၊ •ကျေးရွာအုပ်စုတွင်းလူငယ်

					၊မှတ်ပုံတင်ခြင်းတို့ဖြင့်)	ကွန်ယက်များ ဖြစ်ပေါ်လာစေရန် ဆောင်ရွက်ခြင်း၊ • နိုင်ငံတော်အဆင့်မှ မူဝါဒချမှတ်၍ အင်တာနက်စနစ်တကျအသုံးပြုနိုင်ရန် ကြီးကြပ်လုပ်ဆောင်ခြင်း(ဥပမာ-အသက်ကန့်သတ်ခြင်း၊မှတ်ပုံတင်ခြင်းတို့ဖြင့်)
ကဏ္ဍ-စိုက်ပျိုး၊မွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်း						
၆။	• သီးနှံစိုက်ပျိုးရေးတွင် ကျပန်းလုပ်ကိုင်ခြင်းမှ လွဲ၍ ဝင်ငွေရ အတည်တကျ အလုပ်အကိုင် အခွင့်အလမ်းနည်းပါးခြင်း၊	• အသက်မွေးဝမ်းကြောင်းပညာကျွမ်းကျင်မှုအားနည်းခြင်း၊ • စွန့်စားတီထွင်လိုစိတ်ရှိသော်လည်းဆုံးရှုံးမည်ကို စိုးရိမ်သဖြင့် စွန့်ဦးတီထွင်မှုမရှိခြင်း၊ • ငွေအရင်းအနှီးလုံလောက်စွာမရှိခြင်း၊ • အသေးစားအိမ်တွင်းထုတ်လုပ်မှု လုပ်ကိုင်ရန် နည်းပညာများ၊ ဗဟုသုတများမရှိခြင်း၊	• အလုပ်လုပ်ကိုင်လိုသူလူငယ်အများ အပြားရှိခြင်း၊ • ပြည်မြို့နှင့်(၀.၅) မိုင်သာကွာဝေးပြီး လမ်းပမ်းဆက်သွယ်ရေးကောင်းမွန်ခြင်း၊ • ဆိုင်ကယ်ပြင်၊ စက်ပြင်၊ဖုန်းပြင်သည့် ဆိုင်များတွင်လုပ် သားလိုအပ်မှုများခြင်း၊	• အသက်မွေးဝမ်းကြောင်း ပညာများ သင်ယူရန် ငွေကြေးမတတ်နိုင်ခြင်း • စက်ရုံ၊အလုပ်ရုံများနှင့် အလှမ်းကွာဝေးခြင်း၊ • စျေးကွက်ဆိုင်ရာ အသိပညာဗဟုသုတအားနည်းခြင်း၊ • ကူညီပံ့ပိုးမည့် အဖွဲ့အစည်း(သို့)ပုဂ္ဂိုလ်မရှိခြင်း၊ • ဆန်စက်၊ဆီစက်၊သ	• သက်ဆိုင်ရာဦးစီးဌာန(သို့) အဖွဲ့အစည်းများမှ အသက်မွေးဝမ်းကြောင်းနည်းပညာသင်တန်းများပေးခြင်း(ဆိုင်ကယ်ပြင်၊စက်ပြင်၊သံပန်း၊ဖုန်းပြင်၊စက်ချုပ်) • စိတ်ပါဝင်စားသူများအားစွန့်စားတီထွင်လာလိုစိတ်ရှိရှိရန်လက်တွေ့ဆောင်ရွက်စေခြင်းဖြင့်အသိပညာပေး ခြင်း၊ • သင့်လျော်သော အသေး	၆။ဝင်ငွေသင့်တင့်ကောင်းမွန်သောအလုပ်အကိုင်အခွင့်အလမ်းများ ဖွံ့ဖြိုးလာစေရေး။ • စိတ်ပါဝင်စားသော အစုအဖွဲ့ ဖွဲ့စည်းခြင်း၊ • သက်ဆိုင်ရာဦးစီးဌာန(သို့) အဖွဲ့အစည်းများနှင့် ချိတ်ဆက်၍ အသက်မွေးဝမ်းကြောင်းသင်တန်းများ (ဆိုင်ကယ်ပြင်၊စက်ပြင်၊ဖုန်းပြင်၊စက်ချုပ်)ကဲ့များဖွံ့ဖြိုးလာ စေရန်)ရရှိရန် ဆောင်ရွက်ခြင်း၊

		• ယာယီဝင်ငွေရရှိသည့် ပြည်ဘျေးတွင်း ကျပန်း လုပ်ကိုင်ခြင်းကိုသာ အားကိုးအားထားပြုနေ ခြင်း၊ • စက်ရုံ၊အလုပ်ရုံရှားပါး ြခင်း၊	• ရန်ကုန်အထည် ချုပ်စက်ရုံတွင် သွားရောက်လုပ် ကိုင်နိုင်ခြင်း၊	ြားစက်များဖွံ့ဖြိုးလာ စေရန်အရည်အသွေး ကောင်းမွန်သောစက်၊ နည်းပညာ၊ဘျေးကွက် အနေအထားအားနည်း ခြင်း၊	စားချေးငွေများထုတ်ချေး ပေးခြင်း၊ • ဘျေးကွက်ဆိုင်ရာအသိပ ညာများ ဖြန့်ဝေ ပေးခြင်း၊ • ကုန်ကြမ်းမှ ကုန်ချော ထုတ်လုပ်နိုင်ရန် နည်းပ ညာ၊ငွေအရင်းအနှီး၊ပစ္စည်း ကိရိယာများကူညီပံ့ပိုးပေး ခြင်းနှင့်ဘျေးကွက်ချိတ် ဆက်မှုများလုပ်ဆောင် ခြင်း၊	• အသေးစားငွေချေးအဖွဲ့မျာ ားမှ လုပ်ငန်းနှင့် သင့်လျော်သော ချေးငွေ ပမာဏကို ထုတ်ချေးခြင်း၊ • ဘျေးကွက်ဆိုင်ရာ အမြင် ဖွင့်သင်တန်းပေးခြင်း၊ • အသေးစားစက်မှု၊လက်မှု သင်တန်းများပေးခြင်း • စက်ရုံ၊အလုပ်ရုံများဖွံ့ဖြိုး လာစေရန်နည်းပညာ၊စက် ကိရိယာအကူအညီများပံ့ပိုး ပေးခြင်း၊
ကဏ္ဍ– စီမံအုပ်ချုပ်မှုစနစ်						
၇။	•ကျေးရွာတွင်း ကိုယ် ထူကိုယ်ထဖွဲ့စည်းထား သောအဖွဲ့များတွင် စနစ် တကျလုပ်ကိုင်ဆောင် ရွက်နိုင်မှုစွမ်းရည်အား နည်းခြင်း၊	•အဖွဲ့အစည်း ဖွဲ့စည်း ခြင်းဆိုင်ရာ အသိပညာ ဗဟုသုတအားနည်းခြင်း၊ •လိုအပ်ချက်အရ ဖွဲ့ စည်းခြင်းသာရှိပြီး ရေ ရှည်တည်တံ့သည့် အစီ အစဉ်များထည့်သွင်း ဖွဲ့ စည်းထားမှုအားနည်း	• ကျေးရွာဖွံ့ဖြိုး ရေး၊လူမှုရေး ၊ဘာ သာရေးလုပ်ငန်း များအတွက် စု ပေါင်းလုပ်ကိုင် သည့်အလေ့ အ ကျင့်ရှိခြင်း၊ • စည်းလုံးညီညွတ်	•အဖွဲ့အစည်းဆိုင်ရာ စီမံအုပ်ချုပ်မှု စနစ် ကောင်းမွန်လာစေရန် ပံ့ပိုးကူညီနိုင်မည့် အဖွဲ့အစည်း/ဦးစီးဌာန နည်းပါးခြင်း၊ •အသိပညာပေးဟော ပြောပွဲ၊စာအုပ်၊စာပေ	•ကျေးရွာအုပ်ချုပ်ရေးမှူး၊ရ ပ်မိရပ်ဖများမှ ဦးဆောင်၍ အဖွဲ့အစည်းဆိုင်ရာ ဗဟုသု တရမည့် စာအုပ်စာပေများ စုဆောင်းခြင်း (ခေါင်းဆောင်မှု၊လူထုအား စည်းရုံးမှု စွမ်းရည်၊အ	၇။အဖွဲ့အစည်းဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ခြင်း နှင့် ရေရှည်ဖွံ့ဖြိုးတိုးတက် လာစေရန် ဆောင်ရွက်ခြင်း။ • ကျေးရွာအုပ်ချုပ်ရေးမှူး၊ ရပ်မိရပ်ဖ များမှဦးဆောင်၍ အဖွဲ့အစည်းဆိုင်ရာ စွမ်း ဆောင်ရည် တိုးတက်စေရန်

		ခြင်း၊	ကြခြင်း၊ • သတင်း၊မီဒီယာများမှ အဖွဲ့အစည်းဆိုင်ရာ စီမံအုပ်ချုပ်မှုကောင်းမွန်လာစေရန် ဗဟုသုတများရရှိနိုင်ခြင်း၊ • ကျေးလက်ဦးစီးဌာနမှ စာရင်းကိုင်သင်တန်းရရှိနိုင်ခြင်း၊	ဆိုင်များလက်လှမ်း မမီခြင်း၊	စည်းအဝေးအောင်မြင်စွာကျင်းပနိုင်ရန်ပြင်ဆင်နည်း၊အစည်းအဝေးမှတ်တမ်းရေးနည်း၊) •ကျေးရွာလူထုအစည်းအဝေးများတွင် အသိပညာပေးခြင်း၊ •ကျေးလက်ဦးစီးဌာနအား အကူအညီတောင်းခံ၍ စာရင်းကိုင်သင်တန်းပေးခြင်း၊	ဗဟုသုတစာပေအုပ်၊စာပေများထားရှိခြင်း၊ • သင်တန်းပေးနိုင်သည့် အဖွဲ့အစည်းများ၊ဌာနဆိုင်ရာများနှင့်ချိတ်ဆက်၍ အကူအညီတောင်းခံခြင်း(ဥပမာ- ကျေးလက်ဦးစီးဌာန)

(ဂ)ဦးစားပေးစီမံချက်များ

စီမံချက်များအလိုက်ဦးစားပေးအစီအစဉ်များကို ဇယားဖြင့်ဖော်ပြထားပါသည်။ကျေးရွာလူထုသည် နှစ်သက်ရာအမှတ်ပေးအဆင့်ခွဲခြားခြင်းစနစ်ဖြင့် ရွာလုံးကျွတ်အစည်းအဝေးတွင် စီမံချက်များ၊အစီအစဉ်များကို ဖော်ထုတ်ထားပါသည်။တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့်ဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့် အခြားအေဂျင်စီများထံမှ နည်းပညာအကူအညီများရရှိရန်လည်း လိုအပ်ပါသည်။ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူထားသော ဦးစားပေးစီမံချက်များမှာ တစ်ဖက်ပါအစီအစဉ်အတိုင်း ဖြစ်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူထားသော ဦးစားပေးစီမံချက်များမှာ-

စဉ်	ကဏ္ဍ	ဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်း	ရမှတ်	ဦးစားပေးအဆင့်
၁	လမ်း၊တံတား	ကျေးရွာအဝင်ချောင်းကူးတံတားပြုပြင်နိုင်ရန် ချိတ်ဆက်လုပ်ဆောင်ခြင်း(၂၀'×၁၈'×၃၀')	၅၀	၁
		မြရွာ-အနောက်လက်ခုပ်ပင်ကျေးရွာခြင်းဆက်လမ်း ကောင်းမွန်စေရေးစီမံချက်(၂၈၀၀'×၁၀'×၉")		
၂	ကျန်းမာရေး	ကျန်းမာရေးအသိပညာပေးဟောပြောပွဲများကျင်းပ ပြုလုပ်နိုင်ရန် အဆိုပြု တင်ပြခြင်း၊	၄၇	၂
၃	စိုက်ပျိုးရေး	စိုက်ပျိုးရေး နည်းပညာပေးသင်တန်းများအား စံပြစမ်းသပ်ကွက်များနှင့် တကွထိရောက်စွာ ပံ့ပိုးပေးနိုင်ရန် အဆိုပြုတင်ပြခြင်း၊	၄၆	၃
		သွင်းအားစုများအရည်အသွေးမီသုံးစွဲနိုင်ရန် ကြီးကြပ်စစ်ဆေးပေရန် အဆိုပြုတင်ပြခြင်း၊		
		ဈေးကွက်ဆိုင်ရာ သတင်းအချက်အလက်များရရှိရန်၊ ဈေးနှုန်း တည်ငြိမ် မှု ရှိလာစေရန် တောင်သူ၊ကုန်သည်များပါဝင်သည့် ကွန်ယက်များ ပေါ်ထွက် လာစေရန် တင်ပြဆောင်ရွက်ခြင်း၊		

		မြေနေကျွန်းများတွင် စိုက်ပျိုးနိုင်ရန် ကျောက်၊သဲထုတ်လုပ်ခြင်းများအား ကြီးကြပ်စစ်ဆေးပေးရန် အဆိုပြုတင်ပြခြင်း၊		
၄	မီးလင်းရေး	အိမ်တိုင်းစေ့မီးလင်းနိုင်ရန် ချေးငွေထုတ်ချေးပေးရန် အဆိုပြုတင်ပြခြင်း၊	၄၃	၄
၅	လူငယ်နှင့် ယာဉ်ကျေးမှု	စာအုပ်၊စာပေများ လက်လှမ်းမီလာစေရန် ချိတ်ဆက်ဆောင်ရွက်ခြင်း၊	၄၁	၅
၆	စိုက်ပျိုး၊မွေးမြူရေး မဟုတ်သောအခြားဝင်ငွေရလုပ်ငန်းများ	အသက်မွေးဝမ်းကြောင်းသင်တန်းများရရှိရန် ချိတ်ဆက်ဆောင်ရွက်ခြင်း၊(စက်ချုပ်၊သံပန်း၊ဆိုင်ကယ်ပြင်၊စက်ပြင်)	၃၇	၆
		အသေးစား၊အလတ်စား ကုန်ထုတ်လုပ်မှုဆိုင်ရာသင်တန်းများရရှိရန် ချိတ်ဆက်ဆောင်ရွက်ခြင်း၊		
၇	ငွေကြေးဝန်ဆောင်မှု	အရောင်းအဝယ်၊မွေးမြူရေးလုပ်ငန်းများအတွက် လုပ်ငန်းနှင့်သင့်လျော်သောချေးငွေအမျိုးအစားလက်လှမ်း မီလာစေရန် အဆိုပြုတင်ပြခြင်း၊	၃၅	၇
၈	အဖွဲ့အစည်းဆိုင်ရာ စီမံခန့်ခွဲမှု	ခေါင်းဆောင်မှုသင်တန်း၊စီမံခန့်ခွဲမှုသင်တန်း၊လူထုအား စည်းလုံးဆွေးနွေး နည်းသင်တန်း၊စာရင်းကိုင်ခြင်းနှင့် မှတ်တမ်းရေးနည်းများ သင်တန်းများ ရရှိရန် ချိတ်ဆက် ဆောင်ရွက်ခြင်း၊	၃၀	၈

ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု
ဇယားများ(အနောက်လက်ခုပ်ပင်ကျေးရွာ၊အနောက်လက်ခုပ်ပင်ကျေးရွာအုပ်စု)

(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၁၃	၁၁	၂၄
၁ နှစ်မှ ၄ နှစ်	၅ နှစ်အောက်ကလေးငယ်	၂၉	၃၉	၆၈
၅ နှစ်မှ ၉ နှစ်	မူလတန်းကျောင်းသားအရွယ်	၅၉	၅၈	၁၁၇
၁၀ နှစ်မှ ၁၄ နှစ်	အလယ်တန်းကျောင်းသားအရွယ်	၃၆	၄၀	၈၆
၁၅ နှစ်မှ ၆၄ နှစ်	အလုပ်လုပ်နိုင်သည့်အရွယ်	၄၁၂	၄၆၂	၈၇၄
၆၅ နှစ် နှင့် အထက်	သက်ကြီးရွယ်ကြီး	၁၃	၂၁	၃၄
စုစုပေါင်း		၅၆၂	၆၄၁	၁၂၀၃
စုစုပေါင်း အိမ်ထောင်စု				၃၀၁

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ အသက်အုပ်စု ၁ နှစ်အောက် ဆိုသည်မှာ မွေးကင်းစ မှ အသက် (၁) နှစ်မပြည့်မီ အရွယ်၊ ၁ နှစ်မှ ၄ နှစ် ဆိုသည်မှာ အသက် (၁) နှစ်ပြည့် အရွယ်မှ (၅) နှစ်မပြည့်မီ အရွယ်၊ ၅ နှစ်မှ ၉ နှစ် ဆိုသည်မှာ အသက် (၅) နှစ်ပြည့်သည်မှ အသက် (၁၀) နှစ်မပြည့်မီ အရွယ်၊ ၁၀နှစ်မှ ၁၄ နှစ်ဆိုသည်မှာ အသက် (၁၀) နှစ်ပြည့်သည်မှ အသက် (၁၅) နှစ်မပြည့်မီ အရွယ်၊ ၁၅ နှစ်မှ ၆၄နှစ် ဆိုသည်မှာ အသက် (၁၅)နှစ်ပြည့်သည်မှ အသက် (၆၅) နှစ်မပြည့်မီ အရွယ်၊ အသက် ၆၅နှစ်နှင့် အထက် ဆိုသည်မှာ အသက် (၆၅) နှစ်ပြည့်

အရွယ်နှင့် ၎င်းထက် အသက်ကြီးသည့် အရွယ်များကို ဆိုလိုသည်။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် အိမ်ထောင်စု (၃၀၁) စုရှိပြီး လူဦးရေ (၁၂၀၃) ဦးရှိသဖြင့် တစ်အိမ်ထောင်လျှင် ပျမ်းမျှလူဦးရေ (၃.၉၉) ဦးရှိသဖြင့် နိုင်ငံတော်အဆင့် ပျမ်းမျှလူဦးရေထက် (၁.၀၁)ဦး လျော့နည်းကြောင်း တွေ့ရသည်။ အလုပ်လုပ်နိုင်သူ လူဦးရေမှာ ကျား (၄၁၂)ဦး ၊မ (၄၆၂) ဦးရှိပြီး ကျေးရွာလူဦးရေစုစုပေါင်း၏ (၇၂.၆၅ %)ရှိကြောင်း တွေ့ရသဖြင့် လုပ်သားအင်အား အရင်းအမြစ်ကောင်း တစ်ရပ်ဖြစ်ပါသည်။

(ခ) အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အိမ်ကအလုပ်အကိုင်		အိမ်ကဝင်ငွေရလုပ်ငန်းမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား		
စိုက်ပျိုးစီးပွား လုပ်ငန်းများ					
၁	**လယ်ယာစိုက်ပျိုးရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၆၃	၉၁	၀	မြင့် □ လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၂၄	၅၁	၀	မြင့် □ လတ် □ နိမ့် □
၂	**တိရစ္ဆာန် မွေးမြူရေး**				
	ကိုယ်ပိုင် လုပ်ငန်း		၀	၅	မြင့် □□□□လတ် □□□□နိမ့် □

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □□□□လတ် □□□□နိမ့် □
	ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)				
၃	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
	သစ်တောလုပ်ငန်း				
၄	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ					
	သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း				
၅	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
	ထုတ်ကုန်လုပ်ငန်း				
၆	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၃	၃	၀	မြင့် □ လတ် □ နိမ့် □

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
၇	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	၂	၂	၀	မြင့် □ လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၁၅၀	မြင့် □ လတ် □ နိမ့် □
၉	**ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၁	မြင့် □ လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၁၅	မြင့် □ လတ် □ နိမ့် □
၁၀	**ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၅	မြင့် □ လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၂၃	မြင့် □ လတ် □ နိမ့် □
၁၁	**လက်လီ– လက်ကား ရောင်းဝယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၂၀	၂၇	၀	မြင့် □ လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
၁၂	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	၁	၂	၀	မြင့် □ လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
၁၃	**ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၂၅	မြင့် □ လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
၁၄	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**				
	ကိုယ်ပိုင် လုပ်ငန်း	၆	၆	၀	မြင့် □ လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
၁၅	**အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
၁၆	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၃	မြင့် □ လတ် □ နိမ့် □

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
၁၇	**ပညာရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၈	မြင့် □ လတ် □ နိမ့် □
၁၈	**ကျန်းမာရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
၁၉	**လူမှုရေး လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
၂၀	**အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	☒
	အလုပ်သမား / ကျပန်း / ရာသီအလိုက်	၁၈၂	၄၁၂	၀	

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	အလုပ်သမား				
၂၁	**ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် လတ် နိမ့်
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် လတ် နိမ့်
	စုစုပေါင်း				☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာသည် စိုက်ပျိုးရေးလုပ်ငန်းကို အဓိကလုပ်ကိုင်သည့် ကျေးရွာဖြစ်သည်။ ကျေးရွာတွင် နွားဝက် ကို စီးပွားဖြစ်မွေးမြူသူ (၄) ဦး၊ချောင်းတွင်း ငါးဖမ်းသူ(၁) ဦး ရှိပြီး စီးပွားဖြစ်လုပ်ကိုင်နိုင်ခြင်းနည်းပါးပါသည်။နဝဒေးသကြားစက်တွင် လုပ်ကိုင်သူ အိမ်ထောင်စု (၃)စု၊ လက်သမား ခေါင်းဆောင်အဖြစ်လုပ်ကိုင်သူ အိမ်ထောင်စု (၂)၊ပန်းရံလုပ်သားအဖြစ် ကျပန်းလုပ်ကိုင်ကြသူ အိမ်ထောင်စု (၁၂၀) ၊ကျေးရွာတွင် ဆိုက်ကယ်ပြင်၊စက်ပြင်သူ (၁)အိမ်ထောင်စု၊ ကျေးရွာမှ ပြည်မြို့ရှိ ကားဝပ်ရှော့များတွင် လာရောက်လုပ်ကိုင်နေသူ (၁၅)စု၊ဆိုင်ခန်းဖြင့် အတည်တကျ စက်ချုပ်လုပ်ကိုင်သူ (၅) အိမ်ထောင်စု၊ စက်ချုပ်ဆိုင်များတွင် သွားရောက်လုပ်ကိုင်သူ (၂၃) ဦး၊ဈေးဆိုင်(၂၇) ဆိုင်၊ စားသောက်ဆိုင်တွင် သွားရောက်လုပ်ကိုင်သူ အိမ်ထောင်စု (၁)စု၊ဆိုက္ကား၊ ဆိုင်ကယ်တက်စီ၊ ကားလိုင်း ပြေးဆွဲသူ (၂၅)ဦး၊ငွေတိုး ချေးသူ (၆) ဦး၊စစ်သား (၃)ဦး၊ဆရာ/မ (၈)ဦး၊ စသည်ဖြင့် အလုပ်အကိုင်မျိုးစုံတို့အား လုပ်ကိုင်လျှက် ရှိကြသည်။သို့ရာတွင် ဝင်ငွေရပ်တည်

နိုင်မှု မှာစိုက်ပျိုးရေးလုပ်ငန်း၊လက်သမား၊ပန်းရံလုပ်ငန်း၊စက်ပြင်လုပ်ငန်း၊စက်ချုပ် လုပ်ငန်း၊ ယာဉ်အငှားလိုက်ခြင်းတို့ဖြစ်ကြောင်း တွေ့ရသည်။

(ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၆၀၀၀	၅၀၀၀	၅၀၀၀	၄၀၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား	၀	၀	၀	၀
၃	ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း)	နေ့စား	၀	၀	၀	၀
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များထုတ်လုပ်ခြင်း	နေ့စား	၀	၀	၀	၀
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား	၀	၀	၀	၀
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၇၀၀၀	၄၀၀၀	၅၀၀၀	၄၀၀၀
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်း များ ပြင်ဆင်ရေး	နေ့စား	၇၀၀၀	၀	၅၀၀၀	၀
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား	၀	၀	၀	၀
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်)	နေ့စား	၅၀၀၀	၆၀၀၀	၅၀၀၀	၅၀၀၀

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း	နေ့စား	၅၀၀၀	၀	၅၀၀၀	၀

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

မှတ်ချက် (၁) **လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ** = (**လစာ** ÷ ၂၂.၇၅)

(၂) **နာရီတွက်ဖြင့်ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ** = (**တစ်နာရီဝင်ငွေ** × ၈)

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် နေ့စားလုပ်ငန်းအနေဖြင့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်း၊ ဆောက်လုပ်ရေး၊လက်သမား၊ပန်းရံလုပ်ငန်း၊ ယာဉ်၊စက်ကိရိယာပြင်ဆင်ရေး၊အထည်ချုပ်စက်ရုံများတွင် လုပ်ကိုင်ခြင်း၊ လက်ဖက်ရည်ဆိုင်၊စားသောက်ဆိုင်တို့တွင် လုပ်ကိုင်ခြင်း တို့ရှိပါသည်။ အမျိုးသား၊ အမျိုးသမီးလုပ်အားခမှာ လုပ်အားစိုက်ထုတ်မှု ၊ကျွမ်းကျင်မှုတို့အပေါ်တွင် မူတည်၍ လုပ်ခကွာဟမှုရှိပါသည်။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဧယား (၄) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်)		
လယ်မြေ	၁၃၈.၉၀	ကောင်း □	သင့် □	ညံ့ □
ယာမြေ / တောင်ယာမြေ	၁၅၀.၂၀	ကောင်း □	သင့် □	ညံ့ □
ဥယျာဉ်ခြံမြေ	၁.၀၀	ကောင်း □	သင့် □	ညံ့ □
ကိုင်း / ကျွန်းမြေ	၄၁.၂၅	ကောင်း □	သင့် □	ညံ့ □
ဓနိတောမြေ	၀.၀၀	ကောင်း □	သင့် □	ညံ့ □
စားကျက်မြေ	၁၀၀.၀၀	ကောင်း □	သင့် □	ညံ့ □
မြေလွတ် မြေလပ်	၀.၀၀	ကောင်း □	သင့် □	ညံ့ □
စုစုပေါင်း	၄၃၁.၃၅	☒		

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုး ကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာအိမ်ထောင်စုနှင့် နှိုင်းယှဉ်ပါက ကျေးရွာတွင် လယ်မြေဧက ပိုင်ဆိုင်မှု အလွန်ပင်နည်းပါးပါသည်။ယခင်က မြေနုကျွန်းများ ထွန်းသဖြင့် သီးနှံများဖြစ်ထွန်းအောင်မြင်ပြီး ဝင်ငွေ ကောင်းမွန်သော်လည်း ယခုအခါ သဲ၊ကျောက် စုပ်ယူမှုများကြောင့် သောင်ခုံများ မြေပြို ပျက်စီးမှုများ ဖြစ်ပေါ်လာပြီး စိုက်ပျိုးနိုင်ခြင်း မရှိပါ။ မြေဆီလွှာအမျိုးအစားမှာ အသင့်အတင့်ကောင်းမွန်မှုရှိပါသည်။

(၈-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	**ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု** **(မှန်ရာတစ်ခုကိုသာ ရွေးရန်)**	**အသုံးချနိုင်မှု** **(မှန်ရာတစ်ခုကိုသာ ရွေးရန်)**
သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။)	များ□□□□ သင့် □□ နည်း□□ မရှိ□□	လွယ်□□ ခက် □ အသုံးမပြုနိုင်ပါ □
ကျောက်၊ သဲ၊ ကျောက်စရစ်စသည်များ	များ□□□□ သင့် □□□ နည်း□□ မရှိ□□	လွယ်□□ ခက် □ အသုံးမပြုနိုင်ပါ □
သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ□□□□ သင့်□□□□ နည်း□□ မရှိ□□	လွယ်□□□□□□□ခက် □ အသုံးမပြုနိုင်ပါ □
သဘာဝ တိရစ္ဆာန်မျိုးစိတ်များ	များ□□□□ သင့် □□ နည်း□□ မရှိ□□	☒

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန။

